**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ်၊ ၆၃ / ၂၀၁၇**

**၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် )**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ- ၁၃၊ ပုဒ်မခွဲ ( ခ ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**နိုင်ငံခြားဖက်စပ်ကုမ္ပဏီ၊ နိုင်ငံခြားကုမ္ပဏီများအား တင်သွင်းရောင်းချခွင့်ပြုသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား HS Code ဖြင့် ဖြည့်စွက်ထုတ်ပြန်ခြင်း**

၁။ နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ပြည်ပမှတင်သွင်းသည့် ဆောက်လုပ်ရေးပစ္စည်းများအား အမျိုးအစား၊ အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စေရန်နှင့် ဈေးကွက်အတွင်း မျှတသည့် ယှဉ်ပြိုင်မှုဖြစ်စေရန်အတွက် နိုင်ငံခြားကုမ္ပဏီနှင့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းရောင်းချခွင့်ပြုခြင်းကို HS Code များဖြင့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၈၅/၂၀၁၆ ဖြင့် သတ်မှတ်ထုတ်ပြန်ထားပါသည်။

၂။ အဆိုပါ ခွင့်ပြုထားသော ပစ္စည်းများစာရင်းတွင် မပါဝင်သေးသည့် ပူးတွဲပါ ဆောက်လုပ်ရေးသုံးပစ္စည်း (ကုန်စည်လိုင်းပေါင်း ၈၃ လိုင်း) အား နိုင်ငံခြားကုမ္ပဏီနှင့် နိုင်ငံခြား ဖက်စပ်ကုမ္ပဏီတို့ကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစတင်၍ တင်သွင်းရောင်းချခွင့်ပြုလိုက်သည်။

၃။ တင်သွင်းရောင်းချခွင့်ပြုသည့် ကုန်ပစ္စည်းစာရင်း ( HS Code Line ) ကို လိုအပ်သလို ပြောင်းလဲပြင်ဆင်သွားမည် ဖြစ်ပါသည်။

(ပုံ)

ဒေါက်တာသန်းမြင့်

ပြည်ထောင်စုဝန်ကြီး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန